# Environmental Impact Assessment (EIA) Report for Korea-Myanmar Industrial Complex Project, Hlegu Township, Yangon

**(2nd Revised Report)**



**Submitted to**

KMIC

**KMIC Development Co., Ltd**

**By**

MSR

**Myanmar Survey Research**

January 2021

# Executive Summary (Myanmar)

## ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ ညောင်နှစ်ပင်ဧရိယာတွင် တည်ဆောက်မည့် ကိုရီးယား-မြန်မာ စက်မှုလုပ်ငန်းနယ်မြေစီမံကိန်း ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအကျဉ်းချုပ် (မြန်မာဘာသာ)

### ၁။ နိဒါန်း

ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ ကိုရီးယား-မြန်မာ စက်မှုလုပ်ငန်းနယ်မြေစီမံကိန်းကြောင့် ပတ်ဝန်းကျင်အပေါ် အလားအလာရှိသော ထိခိုက်မှုများနှင့် ဆက်စပ်သက်ရောက်မှုများကို စနစ်တကျ အမျိုးအစားခွဲခြားဖော်ထုတ်ပြီး ဆန်းစစ်မှုပြုလုပ်ရန်ဖြစ်ပါသည်။ ထို့ပြင် ဖြစ်နိုင်ခြေရှိသော စီမံကိန်း အခြားဆောင်ရွက်နိုင်သော နည်းလမ်းများကို စနစ်တကျဆန်းစစ်မှုပြုလုပ်ခြင်းနှင့် အလားအလာရှိသော ထိခိုက်မှုများကို လျော့နည်းစေသည့် ဆီလျော်သော နည်းလမ်းများကို ဆုံးဖြတ်ဖော်ထုတ်ရန်ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါရှိပါသည်။

### ၂။ စီမံကိန်းအကြောင်းအရာနှင့်တည်နေရာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံမှ ကိုရီးယား-မြန်မာ စက်မှုလုပ်ငန်းနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (ကိုရီးယား-မြန်မာ စက်မှုလုပ်ငန်းနယ်မြေ ဖက်စပ် ကုမ္ပဏီ) KMIC Development Co., Ltd. (KMIC JVC) တို့သည် ကိုရီးယား-မြန်မာ စက်မှုလုပ်ငန်းနယ်မြေစီမံကိန်းကို အကောင်အထည်ဖော်ရန် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် စတင်လုပ်ဆောင်ခဲ့ပါသည်။ နှစ်ဖက်သောအဖွဲ့အစည်းတို့သည် အဆိုပါလုပ်ငန်းစီမံချက်ကို ရန်ကုန်မြို့မြောက်ဘက် ၄၀ ကီလိုမီတာ အကွာအဝေးတွင်ရှိသောညောင်နှစ်ပင်ဒေသတွင် အကောင်အထည်ဖော်ရန် သဘောတူညီခဲ့ကြသည်။ ၎င်းလုပ်ငန်းတည်နေရာသည် ၅၅၅.၈၁ ဧက (၂၂၄၉၂၈၈ စတုရန်းမီတာ) ကျယ်ဝန်းသော မြေပြန့်ဖြစ်ပြီး လှည်းကူးမြို့နယ်ရှိ ညောင်နှစ်ပင်မွေးမြူရေးနှင့် စိုက်ပျိုးရေးဇုန် အမှတ်-၃ အနီးတွင် တည်ရှိသည်။ လုပ်ငန်းနယ်မြေ၏ ၁၆၄၀၂၄၅ စတုရန်းမီတာမှာ စက်မှုလုပ်ငန်းများအတွက်ဖြစ်ပြီး ကျန်သော အစိတ်အပိုင်းတွင် လမ်းများအပါအဝင် အခြားအခြေခံအဆောက်အအုံနှင့်ပတ်သက်သည်များ တည်ရှိမည်ဖြစ်သည်။ စက်မှုလုပ်ငန်းများအတွက် သတ်မှတ်ထားသောမြေကို မြေကွက် အကြီး၊ အလတ်၊ အသေးဟူ၍ သုံးမျိုးပိုင်းခြား သတ်မှတ်ထားပြီး ထိုမြေကွက်များပေါ်တွင် အထည်ချုပ်၊ အစားအစာ ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာလုပ်ငန်း၊ ယာဉ်အပိုပစ္စည်းနှင့်လျှပ်စစ်ပစ္စည်းများတပ်ဆင်ခြင်း စသည့် လုပ်ငန်းများနှင့် သက်ဆိုင်သည့် စက်ရုံများနှင့်ကုန်လှောင်ရုံများကို ဆောက်လုပ်မည်ဖြစ်သည်။ ကျန်သောအစိတ်အပိုင်းတွင် လူနေအဆောက်အအုံများ၊ စီးပွားရေးလုပ်ငန်းအဆောက်အအုံများ၊ အသက်မွေးဝမ်းကျောင်း ပညာသင်တန်းကျောင်း၊ အဓိကလမ်းမများ၊ လမ်းဖြတ်များနှင့်ရေမြောင်းများ၊ လျှပ်စစ်မီးကြိုးသွယ်တန်းခြင်း၊ စိမ်းလန်းသစ်ပင်စိုက်ပျိုးခင်းများ၊ လျှပ်စစ်ဓါတ်အားခွဲရုံ၊ ရေပုပ်ရေဆိုးသန့်စက်ရုံ၊ ရေသန့်စင်စက်နှင့် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ (ပန်းခြံ၊ ကစားကွင်း၊ အိမ်သာစသည်)တို့ကိုဆောက်လုပ်မည်ဖြစ်သည်။

ဤလုပ်ငန်းစီမံကိန်းဧရိယာကို ညောင်နှစ်ပင်အမျိုးသားညီလာခံဝင်းဟုအများကသိရှိကြပြီး၊ ယခုအခါ ထိုဝင်းကိုအသုံးမပြုတော့သည့်အလျောက် (စီမံကိန်းမြေနှင့် ထိုမြေပေါ်ရှိ အဆောက်အအုံများကို

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရန်အတွက် ၁၉၉၄ မှ ၂၀၀၇ အထိ အမျိုးသားညီလာခံကျင်းပရာတွင် အသုံးပြုခဲ့ပြီး နောက်ပိုင်းတွင်အသုံးပြုခြင်းမရှိတော့သည်မှာ ယခုအချိန်အထိဖြစ်ပါသည်။) ယခင်ကရှိခဲ့သော ခန်းမ၊ တည်းခိုဆောင်၊ ကဇာတ်ရုံ၊ ဆေးရုံ၊ လမ်းစသည့် အဆောက်အအုံများမှာ ပျက်စီးယိုယွင်းနေပြီး ထိုနေရာသည် နွေရာသီတွင်ခြောက်သွေ့ကာ ဖုံးဆိုးတောအဖြစ်ရှိပြီး၊ မိုးရာသီတွင် ရွှံ့ထူထပ်ပြီး မြက်ပင်ရိုင်းများ၊ သစ်ပင်ရိုင်းများ၊ ခြုပုတ်မျိုးစုံတို့ ဖုံးလွှမ်းနေသည့် နေရာအဖြစ် ရှိနေပါသည်။

## ၂.၁။ လမ်း

စီမံကိန်းဧရိယာအတွင်းတွင် ၃၈၊ ၄၆၊ ၂၆၊ ၁၈၊ ၁၂ နှင့် ၈ မီတာ အကျယ်ရှိသော လမ်းများကို ဖောက်လုပ်သွားပါမည်။

## ၂.၂။ ရေအရင်းအမြစ်နှင့်ရေအသုံးချရေး

ညောင်နှစ်ပင်ဒေသရှိ မွေးမြူရေးနှင့်စိုက်ပျိုးရေးဇုန်ကို ရေပေးဝေရန် ၂၀၀၁ ခုနှစ်ကတည်းက ဆောက်လုပ်ခဲ့သော ကလီထော်ရေလှောင်တမံမှ ရေကိုရယူသုံးစွဲရန်စီစဉ်ထားပါသည်။

## ၂.၃။ လျှပ်စစ်ဓာတ်အားရယူသုံးစွဲမှု

စီမံကိန်းသည် ၂၃၀ ကေဗွီ ကမာနတ်-မြောင်းတကာ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားကို ရယူအသုံးပြုမည်ဖြစ်သည်။ အဆိုပြုစီမံကိန်းဝင်း အတွင်းတွင် လျှပ်စစ်ဓာတ်အားခွဲရုံကို တည်ဆောက်မည် ဖြစ်ပြီး လုပ်ငန်းဧရိယာအတွင်းတွင် လျှပ်စစ်ဓာတ်အားကို မြေပေါ်လမ်းဘေးဓာတ်တိုင်များ စိုက်ထူ သွယ်တန်း၍ ဖြန့်ဝေပေးပြီး စီမံကိန်းလည်ပတ်သည့် အဆင့်တွင် ဓာတ်အားမီဂါဝပ် ၅၀ ကို အသုံးပြုမည် ဖြစ်သည်။

## ၂.၄။ မွေးမြူရေးနှင့်စိုက်ပျိုးရေးဇုန်

ဧက (၁၀၀၀၀) ခန့် ကျယ်ဝန်းသောညောင်နှစ်ပင်ဧရိယာတွင် စိုက်ပျိုးရေး ဇုန် ၃ ဇုန်ကို ထူထောင် ထားပြီးဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နိုင်ရန်အတွက် သတ်မှတ်ထားသောဈေးနှုန်းကို ပေး ဆောင်နိုင်သည့် ပုဂ္ဂိုလ်တစ်ဦးစီအား စီမံကိန်းမြေဧရိယာတစ်ဝိုက်တွင် မြေ ၅ ဧကစီကို အသုံးပြုခွင့်ပေးထား ပါသည်။ စီမံကိန်းဧရိယာတစ်ဝိုက်တွင် လူပုဂ္ဂိုလ်အချို့က ၅ ဧကစီကျယ်သော မြေကွက်များတွင် သီးပင် စိုက်ခင်းများစိုက်ပျိုးထားရှိသည်။ အလားတူနှစ်ရှည်သီးနှံပင်များဖြစ်သော သရက်၊ ပိန္နဲ၊ နဂါးမောက်သီး၊ ကြက်မောက်သီးအပင်များကို အဆိုပါမြေကွက်များစိုက်ပျိုးထားသည်ကိုတွေ့ရသည်။ သီးပင်စိုက်ပျိုးခင်း များနှင့် ကပ်လျက် ငါးမွေးမြူရေးကန်များ၊ ကြက်ဘဲမွေးမြူရေးခြံများ ထူထောင်ထားရှိသည်ကိုလည်းတွေ့ ရသည်။ လှည်းကူးမြို့နယ်နှင့် မှော်ဘီမြို့နယ်အကြားရှိ ယခင်သဘာဝပေါက်ပင်များရှိခဲ့သောနေရာတွင် ယခုအခါ ရာဘာနှင့်အော်ရေးရှားပင်များအပါအဝင် ဝင်ငွေရရှိစေသောသီးနှံစိုက်ပျိုးခင်းများနှင့် စပါးစိုက်ခင်း များက နေရာယူလျက်ရှိကြသည်။

## ၂.၅။ စီမံကိန်း အခြားဆောင်ရွက်နိုင်သောနည်းလမ်းများ

ရန်ကုန်တိုင်းဒေသကြီးတွင် ပြန်လည်နေရာချထားရေးပြဿနာ၊ လျှပ်စစ်မီးရရှိရေးနှင့် ရေရရှိရေးတို့ အတွက် စိုးရိမ်ပူပန်မှုမရှိရသောနေရာမှာ ရှားပါးလှသည်။ ဤစီမံကိန်းနေရာသည် အဓိက လမ်းမကြီးများနှင့် အမြန်လမ်းမကြီးများသို့ အတိုဆုံးခရီးအကွာအဝေးဖြင့် ရောက်ရှိနိုင်ရန် စီစဉ်၍ရနိုင်ပါသည်။ ဤနေရာကို

နဂိုမူလအတိုင်း ပေါက်ပင်အရိုင်းများဖြင့်သာ ထားမည်ဆိုပါလျှင် နိုင်ငံ၏ရည်မှန်းချက်ဖြစ်သော "တိုင်းပြည် စီးပွားဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ခြင်း" သဘောတရားကို ဆန့်ကျင်ရာရောက်ပေသည်။

## ၃။ မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်

ဤအပိုင်းတွင် စက်မှုလုပ်ငန်းဆိုင်ရာနယ်မြေများကို အကောင်အထည်ဖော်သော စီမံကိန်းများ အတွက် ဥပဒေမူဘောင်မည်သို့ရှိသည်ကိုဖော်ပြပြီး၊ စီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတွင်ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်ပြီးလူမှုရေးရာပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင် သတ်မှတ်ပြဌာန်းထားသည့် ဥပဒေ၊နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မည်သို့ဆောင်ရွက်ရမည် ဆိုသည်ကို ဖော်ပြထားသည်။

ပတ်ဝန်းကျင်နှင့်လူမှုရေး ထိခိုက်မှုဆန်းစစ်ချက်လုပ်ငန်းတွင် အမျိုးသားစီမံကိန်း မူဝါဒဆိုင်ရာ လုပ်ငန်းမူဘောင်ကို လေ့လာသုံးသပ်ခြင်း၊ အစိုးရ၏သက်ဆိုင်ရာ လမ်းညွှန်ချက်များအပေါ် လေ့လာသုံးသပ် ခြင်းနှင့် လုပ်ငန်းကဏ္ဍများနှင့်ပတ်သက်သော ဥပဒေများအပေါ် လေ့လာသုံးသပ်ခြင်းများ ပါဝင်ပါသည်။ မူဝါဒဆိုင်ရာအစီအမံများက အဆိုပြုစီမံကိန်းလုပ်ငန်းအပေါ် မည်သို့သက်ရောက်မှုရှိသည်ကို ဤဆန်းစစ် ခြင်း အစီရင်ခံစာတွင် အသေးစိတ် ဖော်ပြမည်ဖြစ်သည်။

## ၄။ အခြေခံအချက်အလက်ရယူခြင်း

### ၄.၁။ လေ့လာမှုနယ်ပယ်

မြန်မာဆာဗေးသုတေသန (MSR) ၏ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအဖွဲ့သည် ယခင် စီမံကိန်း အဆိုပြုချက်တွင် ဖော်ပြပါရှိသော ၂၄၆၄၂၈၂ စတုရန်းမီတာ (၆၀၀ ဧက) အကျယ်အဝန်းပေါ်အခြေခံပြီး မြေကြီး၊ ရေနမူနာကောက်ယူခြင်းများ ပြုလုပ်ခဲ့ပါသည်။ လေအရည်အသွေးတိုင်းတာခြင်းကို စီမံကိန်း ဧရိယာနှင့် စီမံကိန်းသက်ရောက်မှုရှိမည့်ဧရိယာများကို လွှမ်းခြုံနိုင်ရန် တိုင်းတာသည့် နေရာမှ ၅ ကီလိုမီတာ အချင်းဝက်အထိ လွှမ်းခြုံနိုင်သည့်နေရာများတွင် ရွေးချယ်တိုင်းတာခဲ့ပါသည်။

လူမှုပတ်ဝန်းကျင်လေ့လာမှုနယ်ပယ်အဖြစ် စီမံကိန်းဧရိယာမှ ၅ ကီလိုမီတာ အချင်းဝက် အကွာ အဝေး အတွင်း၌ တည်ရှိသော ကြာကန်စု၊ ညောင်နှစ်ပင်၊ တကူတုံး၊ စုန်ကုန်း၊ ကြာအင်း (အနောက်) နှင့် ကြာအင်း (အရှေ့) ကျေးရွာများကို သတ်မှတ်ပါသည်။

ဇီဝပတ်ဝန်းကျင်လေ့လာမှုနယ်ပယ်အဖြစ် စီမံကိန်းဧရိယာမှ ၃ ကီလိုမီတာ အချင်းဝက် အကွာ အဝေး အတွင်းရှိ နေရာဒေသများကို အဓိကထား၍ သတ်မှတ်ပါသည်။ သို့ရာတွင် လူမှုရေး၊ ရုပ်ပိုင်းနှင့် သက်ရှိ များအပေါ် ထိခိုက်မှုဆန်းစစ်ခြင်းသည် စီမံကိန်း ပတ်ဝန်းကျင် ဧရိယာကိုသာ ကန့်သတ်လုပ်ဆောင်ခြင်း မဟုတ်ပါ။ ဒေသတွင်းနှင့် နိုင်ငံတော်အဆင့်အထိ ထိခိုက်မှုမည်မျှရှိနိုင်သည်ကို နားလည်သဘောပေါက်စေရန် လေ့လာဆန်းစစ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ထားပါသည်။

### ၄.၂။ ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်အချက်အလက်များရယူခြင်း

#### ၄.၂.၁။ လေအရည်အသွေးတိုင်းတာခြင်း

စီမံကိန်းဧရိယာအတွင်း သတ်မှတ်ထားသောနေရာတွင် တပ်ဆင်ထားသော EPAS haz-scanner စက်၏ အလိုအလျောက်အာရုံခံကိရိယာများဖြင့် လေ၏အရည်အသွေးကို တိုင်းတာပါသည်။ ၎င်းတို့က လက်ရှိအခြေအနေတွင်ရှိသော လေအရည်အသွေးကို မှတ်တမ်းတင်ထားပြီး လေထုညစ်ညမ်းမှုရှိလာနိုင်

သောအခါ ရှိလာသည့်အခြေအနေနှင့် နှိုင်းယှဉ်ဖော်ပြပြီးခွဲခြမ်းစိတ်ဖြာနိုင်ရန် ဖြစ်ပါသည်။ လေနမူနာစုဆောင်းသည့် အချိန်သည် EPAS haz-scanner လေနမူနာ စုဆောင်းသည့် ကရိယာကို အသုံးပြုပြီး $PM_{2.5}$ နှင့် $PM_{10}$ တို့ကို တိုင်းတာခြင်းနှင့် အခြားသော ဓာတ်ငွေ့များကို EPAS haz-scanner ၏ အလိုအလျောက် အာရုံခံကိရိယာများဖြင့် တိုင်းတာ ခြင်းတို့၏ ၂၄ နာရီတိုင်းတာသည့်အဆင့် အပေါ် အခြေခံသည်။ ၂၀၁၇ ခုနှစ် ဧပြီလတွင် လေတိုင်းတာမှုတစ်ကြိမ်နှင့် ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် လေတိုင်းတာမှုတစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် ပြုလုပ်ခဲ့ပါသည်။ လေတိုင်းတာမှုများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လုပ်ငန်းခွင် နှင့် ပတ်ဝန်းကျင် ကျန်းမာရေးဌာနခွဲ၊ ပတ်ဝန်းကျင် ကျန်းမာရေးဓာတ်ခွဲခန်းတွင် စစ်ဆေးပါသည်။ ဓာတ်ခွဲခန်းတွင် စစ်ဆေးတွေ့ရှိချက်များအရ ပထမအကြိမ် လေတိုင်းတာမှုတွင် $PM_{2.5}$ ၊ $PM_{10}$ နှင့် ဆလဖာဒိုင်အောက်ဆိုဒ်၊ ဒုတိယအကြိမ် လေတိုင်းတာမှုတွင် ဆလဖာဒိုင် အောက်ဆိုဒ်တို့၏ လေထုထဲတွင်ပါဝင်မှုမှာ အမျိုးသားပတ်ဝန်းကျင်အရည်အသွေးထုတ်လွှတ်မှု လမ်းညွှန်ချက်များပါ ရည်ညွှန်းတန်ဖိုးများထက် ကျော်လွန်နေပြီး နိုက်ထရိုဂျင် ဒိုင်အောက်ဆိုဒ်၊ ကာဗွန်မိုနောက်ဆိုဒ်၊ အိုဇုန်းနှင့် VOCs တို့သည် ရည်ညွှန်းတန်ဖိုးများအောက် လျော့နည်းပါသည်။

## ၄.၂.၂ ဆူညံသံနှင့်တုန်ခါမှုတိုင်းတာခြင်း

အသံအဆင့်အားစောင့်ကြည့်တိုင်းတာခြင်းကို မြန်မာနိုင်ငံတွင် ခွင့်ပြုချက်ရရှိပြီး လက်ရှိ အသုံးပြုနေသော အမေရိကန်နိုင်ငံရှိ အစိုးရစက်မှုဆိုင်ရာသန့်ရှင်းမှုကွန်ဖရင့် (ACGIH) မှချမှတ်ထားသည့် စံချိန်စံညွှန်း အတိုင်းဆောင်ရွက်ပါသည်။ တိုင်းတာမှုကို ၂၄ နာရီ ဆောင်ရွက်ပါသည်။ တစ်နာရီအတွင်းပျမ်းမျှ ဆူညံသံ အဆင့် (Leq in dBA) နှင့် အမြင့်ဆုံး ဆူညံသံ (Lmax in dBA)ကို တိုင်းတာပါသည်။ ဤတိုင်းတာမှုကို လေအရည်အသွေး တိုင်းတာခြင်းနှင့် အတူလုပ်ဆောင်ခဲ့ပါသည်။ နေ့အချိန်နှင့် ညအချိန်တို့အတွက် တစ်နာရီအတွင်းပျမ်းမျှ ဆူညံသံနှင့် အမြင့်ဆုံး ဆူညံသံအဆင့်တို့မှာ ရည်ညွှန်းတန်ဖိုးများအောက် လျော့နည်းပါသည်။

## ၄.၂.၃ မြေဆီလွှာအရည်အသွေးတိုင်းတာခြင်း

မြေဆီလွှာ အာဟာရဓာတ်နှင့် သတ္တုပါဝင်မှုကို တိုင်းတာစစ်ဆေးရန် အပေါ်ယံမြေဆီလွှာ နမူနာ စုစုပေါင်း ၁၀ မျိုးနှင့် အောက်မြေဆီလွှာ နမူနာ စုစုပေါင်း ၈ မျိုးကို ကောက်ယူခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဧပြီလတွင် အပေါ်ယံမြေဆီလွှာ နမူနာ ၆ မျိုးနှင့် အောက်မြေဆီလွှာ နမူနာ ၄ မျိုး၊ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် အပေါ်ယံမြေဆီလွှာ နမူနာ ၄ မျိုးနှင့် အောက်မြေဆီလွှာ နမူနာ ၄ မျိုးကို ကောက်ယူခဲ့ပါသည်။ မြေဆီလွှာနမူနာများကို စီမံကိန်းဧရိယာ ပတ်ဝန်းကျင်နှင့် စိုက်ပျိုးရေးဇုန် ၁ အတွင်းမှ ကောက်ယူခဲ့ပါသည်။

မြေဆီလွှာလေ့လာခြင်းကို ရုရှားမြေဆီလွှာသိပ္ပံပညာရှင်၏ စမ်းသပ်ခြင်းနည်းနှင့် FAO၊ UNESCO တို့၏နည်းစနစ်များကို အသုံးပြု၍ဆောင်ရွက်ပါသည်။ မြေဆီလွှာ အရောင်အဆင်း၊ မြေသားအခြေအနေ၊ မြေဆီလွှာဖွဲ့စည်းထားပုံ၊ ရေငွေ့ပါဝင်မှု၊ မာကျောမှု၊ ရေစီးရေလာ၊ ပေါင်းစပ်ပါဝင်မှုနှင့် မြေဆီလွှာသစ်ဖြစ်ထွန်းမှုစသော ရုပ်ပိုင်းဆိုင်ရာဂုဏ်သတ္တိများကို မှတ်တမ်းတင်ပြီး၊ မြေဆီလွှာ အမျိုးအမည်သတ်မှတ်ခြင်းကို ရုရှားနိုင်ငံမြေဆီလွှာအမျိုးအစားခွဲခြားမှုနည်းနှင့် FAO ၏မြေဆီလွှာအမျိုး အစားခွဲခြားနည်းများကို အသုံးပြုပါသည်။

မြေကြီးနမူနာများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစမ်းသပ်ပြီး အတည်ပြုချက်ရယူပါသည်။ ဓာတ်ခွဲခန်းအဖြေအရ ရေတွင်ပျော်ဝင်သောဆား

ကို ခွဲခြမ်းစိတ်ဖြာရာတွင် ပျော်ဝင်ဆားပမာဏ၊ လျှပ်ကူးသတ္တိ၊ ကြွင်းကျန် ဆိုဒီယမ်ကာဗွန်နိတ်နှင့် ဆိုဒီယမ် စုပ်ယူနိုင်သည့်အချိုးတို့သည် ပြဿနာမရှိကြောင်း သိရှိရပါသည်။ မြေဆီလွှာ အာဟာရဓာတ်နှင့် ပတ်သက်ပြီး ကောင်းမွန်သော အနေအထားတွင်ရှိပါသည်။ သတ္တုပါဝင်မှုတွင် နီကယ်၊ ခရိုမီယမ်၊ ကယ်ဒမီယမ်နှင့် ခဲ ပါဝင်မှုတို့ကို မတွေ့ရှိရဘဲ သံဓာတ်ပါဝင်မှုမှာ အများဆုံးပါဝင်ရန်ခွင့်ပြုထားသော ပမာဏ ၂၄၀ ppm ထက် များစွာကျော်လွန်နေသည်ကို တွေ့ရှိရပါသည်။

### ၄.၂.၄။ ရေအရည်အသွေးတိုင်းတာခြင်း

ရေအရည်အသွေးတိုင်းတာစစ်ဆေးရန် ရေနမူနာ စုစုပေါင်း ၁၂ မျိုးကို ၂၀၁၇ ခုနှစ် ဧပြီလနှင့် ၂၀၁၉ ခုနှစ် ဇူလိုင်လတို့တွင်ကောက်ယူခဲ့ပါသည်။ မြေပေါ်ရေ/သောက်ရေ အတွက် ရေနမူနာ ၅ မျိုးကို ရေကန်၊ ရန်ကုန်-မန္တလေးအမြန်လမ်းအနီး (၆.၂မိုင်) ရှိ ကြာအင်းချောင်း၊ လက်ပန်ဝဲကျေးရွာအနီး ပုဇွန်တောင်ချောင်း၊ ကလီထော် ရေလှောင်တမံတို့မှ ကောက်ယူခဲ့ပြီး စွန့်ပစ်ရေ နမူနာ ၅ မျိုးနှင့် မြေအောက်ရေ (ရေတွင်းရေ) နမူနာ ၂ မျိုးကိုလည်းကောက်ယူခဲ့ပါသည်။

ရေနမူနာများကိုစစ်ဆေးတိုင်းတာရန် atomic absorption spectrophotometer (graphite furnace method) ကရိယာနှင့် POTATEST ၏ Spectrophotometer နှင့် Incubation နည်းကို အသုံးပြု၍ စစ်ဆေးလေ့လာပါသည်။ ကောက်ယူထားသော ရေနမူနာများ၏ ပါရာမီတာများဖြစ်သော ရေ၏အရောင်အဆင်း၊ ချဉ်ငံဓာတ် (pH)၊ BOD၊ COD၊ Total Dissolved Solid၊ နိုက်ထရိတ်၊ အာဆင်နစ်၊ ဘတ်တီးရီးယားပေါက်ပွားနေမှုစသည်တို့ကို တိုင်းတာခြင်းဖြစ်ပြီး ဓာတ်ခွဲခန်းအဖြေအရ ပါရာမီတာအများစု၏ ရေတွင် ပါဝင်မှု/ပြင်းအားမှာ ရည်ညွှန်းတန်ဖိုးအောက် လျော့နည်းနေပြီး စွန့်ပစ်ရေတွင် ဆီ/ချောဆီ ပါဝင်မှုမှာ ရည်ညွှန်းတန်ဖိုးထက် ကျော်လွန်နေပါသည်။

## ၄.၃။ သက်ရှိပတ်ဝန်းကျင်ဆိုင်ရာအချက်အလက်များရယူခြင်း

ယခုအဆိုပြုထားသော စက်မှုနယ်မြေစီမံကိန်းမြေသည် သီးပင်စိုက်ခင်းများနှင့် စီးပွားဖြစ်စိုက်ပျိုးထားသော သစ်သီးနှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးခင်းများနှင့် ဆက်စပ်နေသော တောတိရစ္ဆာန်များ ရှင်သန်နေထိုင်ရန် မြက်ရိုင်း၊ သစ်ပင်ရိုင်းများရှိသည့် ပလပ်မြေအဖြစ် ရှိနေသော အသုံးပြုခြင်းမရှိသည့် မြေဖြစ်သည်။ စီမံကိန်း ပြုလုပ်မည့် နေရာသို့သွားရောက်၍ အခြေခံအချက်အလက်များကိုရယူခဲ့ပါသည်။ ၎င်းနေရာ၏ ကုန်းနေ၊ရေနေသတ္တဝါများ၊ သစ်ပင်ပန်းမန်၊ မြေအသုံးချမှုဆိုင်ရာအချက်အလက်များကို ရယူမှတ်တမ်းပြုစုခြင်းတို့ကို ပြုလုပ်ခဲ့ပြီး နေရာဒေသ၏ဖြစ်စဉ်သမိုင်း၊ ယခင်ကဖြစ်တည်ခဲ့သော သစ်ပင်နှင့် တိရစ္ဆာန်များနှင့် ယခုရှိနေသောသစ်ပင်နှင့် တိရစ္ဆာန်များဆိုင်ရာ အချက်အလက်များကို ရရှိနိုင်ရန် ဒေသခံများနှင့် တွေ့ဆုံခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။

မြေပြင်နှင့်ရေပြင်ဂေဟဖြစ်စဉ်များကို လေ့လာဆန်းစစ်ခဲ့ပြီး စီမံကိန်းနေရာတွင် ရှိနေကြသော သတ္တဝါများ ရှင်သန်နေထိုင်ရာနေရာများကို ခွဲခြားလေ့လာမည်ဖြစ်သည်။

သက်ရှိများအပေါ်ထိခိုက်မှုကို ဆန်းစစ်လေ့လာသည့်အဖွဲ့သည် မျက်မြင်လေ့လာခြင်းနှင့် စီမံကိန်းမြေဧရိယာကိုအပိုင်းလိုက်ဖြတ်၍လေ့လာခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ သစ်ပင်ကြီးများ၊ သစ်ပင်ငယ်များ၊ ခြုံပုတ်များ၊ သစ်ပင်မျိုးစိတ်များနှင့် ၎င်းတို့ စီမံကိန်းဝန်းကျင်တွင် မည်သို့ပျံ့နှံ့ပေါက်ရောက်နေသည်ကို အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ခဲ့ပါသည်။

အခြေခံအားဖြင့် စီမံကိန်း နေရာသည် အသုံးချမှုမရှိဘဲ စွန့်ပစ်ထားသောနေရာ ဖြစ်ကာ ၁၉၉၀ နောက်ပိုင်းနှစ်များတွင် အမျိုးသားညီလာခံကျင်းပခဲ့သည့် အဆောက်အအုံများနှင့် မြေနေရာကို စောင့်ရှောက်ထိန်းသိမ်းမှုမရှိဘဲ ထားရာမှ ဖုန်းဆိုးမြေနေရာ အဖြစ်ရှိနေပြီး နွေအခါတွင် ခြောက်သွေ့ကာ မိုးရာသီတွင် ရွံ့ညွန်များဖြင့်ရှိနေပါသည်။

စီမံကိန်းဝင်းအတွင်းရှိ လမ်းများနှင့် အဆောက်အအုံအများစုသည် ယခုအခါ ပျက်စီးနေပြီဖြစ်ပါသည်။ စီမံကိန်းပြုလုပ်မည့် နေရာ၏ အပြင်ဘက်တွင် စိုက်ပျိုး၊မွေးမြူရေးဇုန် ရှိပါသည်။ အချို့သော ခြံများတွင် နှစ်ရှည်ပင်များဖြစ်သော သရက်၊ပိန္နဲ၊ကြက်မောက်တို့ကို စိုက်ပျိုးထားသည်။ အချို့မှာ စပါး၊ သီဟိုဠ်သရက်၊ မြေပဲ၊ ကြံ၊ သခွား၊ ရုံးပတီ၊ ကင်ပွန်းချဉ်၊ ဂေါ် ဖီ၊ခရမ်းသီး၊ မုန်ညင်း၊ ဘူးသီး၊ သပြေပင်နှင့် အခြား ပန်းအမျိုးအစားစုံကို စိုက်ပျိုးထားပါသည်။ စီမံကိန်းဝင်း ပတ်ဝန်းကျင် ဧရိယာ (ရွာများအပါအဝင်) ကို စိုက်ပျိုး၊ မွေးမြူရေးဇုန် များအဖြစ် သတ်မှတ်ထားရှိပါသည်။ စီမံကိန်းဝင်း ပတ်ဝန်းကျင်တွင် ငါးမွေးမြူရေးကန်များနှင့် ကြက်၊ဘဲ မွေးမြူရေးခြံများ ရှိပါသည်။

ယခင်က အနီးအနားတွင် ကျွန်းသစ်တောများရှိခဲ့ပါသည်။ အခြားသော အပင်ကြီးများ ဖြစ်သည့် အင်၊ ကညင်တို့လည်းပေါက်ရောက်ခဲ့ပါသည်။ ထိုသစ်တောများတွင် ဆင်၊ကျား၊ သမင်၊ဒရယ်၊ ချေ၊ဆတ်၊ တောကြောင်၊ မြွေပါတို့ရှိခဲ့ပါသည်။ ထိုအပင်နှင့် တိရစ္ဆာန်များမှာ ယခုအခါ မျိုးသုဉ်းပျောက်ကွယ်ခဲ့ပြီဖြစ်ပါသည်။ ယခင်က ရှိခဲ့သော ပေါက်ပင်များနှင့် သဘာဝသစ်တောများကို စပါးစိုက်ခင်းများနှင့် စီးပွားဖြစ်စိုက်ပျိုးပင်များဖြစ်သော ရာဘာ၊ အကေးရှားပင်ကဲ့သို့သော စိုက်ခင်းများက အစားထိုး ဝင်ရောက်နေရာယူခဲ့ပြီဖြစ်ပါသည်။

စီမံကိန်းပြုလုပ်မည့် နေရာသည် ကန့်သတ်ဧရိယာဖြစ်ပြီး ဧရိယာတစ်ခုလုံးတွင် အပင်ရိုင်းများ ပေါက်ရောက်ဖုံးအုပ်နေပါသည်။ ထိုအပင်များမှာ သက်ကယ်၊ကိုင်းပင် ကဲ့သို့သော မြက်ရိုင်းပင်များ၊ရေဆလပ်၊ နရမြက်၊ မဟူရာ ပိန်း၊ မိချောင်း ကွမ်းဖတ်၊ ဆင်နှာမောင်းပင် ကဲ့သို့သော ဆေးဖတ်ဝင်အပင်များ၊ မလေးရှား ပိတောက်၊ ကအောင်းပင်၊ ဖွန်မသိမ်း ပင် ကဲ့သို့သော အပင်ရိုင်းငယ်များ ပေါက်ရောက်လျက်ရှိပါသည်။

ငှက်မျိုးရင်း (၂၂) မျိုး၊ လိပ်ပြာ မျိုးရင်း (၁၅) မျိုး၊ ပုစဉ်း မျိုးရင်း (၁၁) မျိုး၊ ကုန်းနေ၊ ရေနေ သတ္တဝါ မျိုးရင်း (၁) မျိုး၊ ငါးနှင့် ပုဇွန် မျိုးရင်း (၇) မျိုး ကို တွေ့ရှိ မှတ်တမ်းတင်ခဲ့ပါသည်။ ရွာသားများ၏ ပြောပြချက်အရ မြွေမျိုးစိတ်များနှင့် ငှက်မျိုးစိတ်များစွာ ရှိသေးကြောင်း သိရှိခဲ့ရပါသည်။

## ၄.၄။ လူမှု-စီးပွားဆိုင်ရာအချက်အလက်များရယူခြင်း

စီမံကိန်းဧရိယာမှ အချင်းဝက် ၅ ကီလိုမီတာအတွင်းရှိ ရွာ ၆ ရွာမှ ကျေးရွာခေါင်းဆောင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ၊ ရဟန်းတော်များ၊ အခြားဘာသာရေးခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ဈေးဆိုင်ပိုင်ရှင်များ၊ ရွာသူ၊ရွာသားများ (အမျိုးသမီး၊ လူကြီး၊ လူငယ် အပါအဝင်) ကို မေးမြန်းဆွေးနွေးခဲ့ပါသည်။ ထို ကျေးရွာ ၆ ရွာ၏ လူမှုစီးပွားအခြေအနေကို မှတ်တမ်းပြုစုခဲ့ပါသည်။

လူမှုစီးပွားအခြေအနေ ကောက်ယူမှုပြုခဲ့သည့် ရွာ (၆) ရွာမှာ ကြာကန်စု၊ ညောင်နှစ်ပင်၊ တကူတုံး၊ စုန်ကုန်း၊ ကြာအင်း (အရှေ့)နှင့် ကြာအင်း (အနောက်) တို့ဖြစ်ပါသည်။ ကြာကန်စုရွာတွင် အိမ်ထောင်စုပေါင်း (၃၂၀) ရှိပြီး လူဦးရေ စုစုပေါင်း (၁၆၀၀) ယောက်ရှိပါသည်။ ညောင်နှစ်ပင်ရွာတွင် အိမ်ထောင်စုပေါင်း (၆၅၅) ရှိပြီး လူဦးရေ စုစုပေါင်း (၃၁၂၆) ယောက်ရှိပါသည်။ ထိုရွာတွင် အထက်တန်းကျောင်း (ခွဲ) တစ်ကျောင်းရှိကာ ဆရာ၊ ဆရာမ စုစုပေါင်း (၃၅) ယောက်ရှိ ပြီး ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၁၃၁၈) ယောက်ရှိပါသည်။

ရွာတွင် ကျေးလက်ဆေးပေးခန်း (၁) ခန်း၊ ဝမ်းဆွဲဆရာမ (၁) ယောက်နှင့် အကူ ဝမ်းဆွဲဆရာမ (၁) ယောက်ရှိပါသည်။ ကျေးလက်စာကြည့်တိုက် (၁) ခုလည်းရှိပါသည်။ တကူတုံးရွာတွင် အိမ်ထောင်စုပေါင်း (၁၂၀) ရှိပြီး လူဦးရေ စုစုပေါင်း (၅၇၀) ယောက်ရှိပါသည်။ ထိုရွာတွင် အလယ်တန်းကျောင်း တစ်ကျောင်းရှိပါသည်။ ရွာတွင် ဝမ်းဆွဲဆရာမ (၁) ယောက် ရှိပါသည်။ စုန်ကုန်းရွာတွင် အိမ်ထောင်စုပေါင်း (၁၁၀) ရှိပြီး လူဦးရေ စုစုပေါင်း (၃၉၂) ယောက်ရှိပါသည်။ ထိုရွာတွင် မူလတန်းကျောင်း တစ်ကျောင်းရှိပါသည်။ ကြာအင်း (အရှေ့) ရွာတွင် အိမ်ထောင်စုပေါင်း (၄၈၀) ရှိပြီး လူဦးရေ စုစုပေါင်း (၂၁၃၇) ယောက်ရှိပါသည်။ ထိုရွာတွင် အလယ်တန်းကျောင်း (ခွဲ) တစ်ကျောင်း ရှိပါသည်။ ရွာတွင် ကျေးလက်ဆေးပေးခန်း (၁) ခန်း နှင့် ဝမ်းဆွဲဆရာမ (၁) ယောက် ရှိ ပါသည်။ ကြာအင်း (အနောက်) ရွာတွင် အိမ်ထောင်စုပေါင်း (၃၇၀) ရှိပြီး လူဦးရေ စုစုပေါင်း (၁၈၅၀) ယောက်ရှိပါသည်။ ထိုရွာတွင် အလယ်တန်းကျောင်း (ခွဲ) တစ်ကျောင်းရှိပါသည်။ ရွာတွင် အကူ ဝမ်းဆွဲဆရာမ (၁) ယောက်ရှိ ပါသည်။

ရွာများတွင် စီးပွားရေးလုပ်ငန်းမျိုးစုံ လုပ်ကိုင်ကြသည်။ ထိုစီးပွားရေးလုပ်ငန်းများမှာ ဈေးဆိုင်များ၊ ကားအငှားလိုက်ခြင်း၊ မော်တော်ဆိုင်ကယ် တက္ကစီလုပ်ငန်း၊ ငါးကန်၊ ကြက်၊ဝက်မွေးမြူရေး၊ စိုက်ပျိုးရေး (ဘူးသီး၊ မြေပဲ၊ စပါး၊ သခွားနှင့် ကန်စွန်းရွက် စသည်ဖြင့်) တို့ဖြစ်သည်။ အချို့ရွာများတွင် ဘုရားစေတီများရှိပြီးရွာတိုင်းတွင် ဘုန်းကြီးကျောင်းရှိပါသည်။ ရွာသူ၊ရွာသားအများစုမှာ ဗုဒ္ဓဘာသာ၊ ဗမာလူမျိုးများ ဖြစ်ကြသည်။

အိမ်ထောင်စုအချို့သည် လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ပြီး တယ်လီဖုန်းဆက်သွယ်မှု စနစ်ကို ကျေးရွာတိုင်းတွင် ကျယ်ပြန့်စွာ အသုံးပြုနေကြောင်းတွေ့ရပါသည်။ ရေအသုံးပြုနှင့်ပတ်သက်ပြီး အချို့မှာ အဝီစိတွင်းရေနှင့် အချို့မှာ လက်ယက်တွင်းရေကို အသုံးပြုကြသည်။ သယ်ယူပို့ဆောင်ရေးအဖြစ် အပေါ့စား ထရပ်ကား၊ သုံးဘီးတွဲယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို အသုံးပြုကြပါသည်။

ပထမအကြိမ် အများပြည်သူနှင့် တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်တွင် စိုက်ပျိုး မွေးမြူရေးဇုန် အမှတ် (၃) အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပြီး ဒုတိယအကြိမ် အများပြည်သူနှင့် တွေ့ဆုံဆွေးနွေးပွဲကို ၂၀၂၀ ခုနှစ် ဩဂုတ်လ ၂၁ ရက်တွင် ကျောင်းကြီး ဓမ္မာရုံ၊ ကြာအင်း (အရှေ့) ကျေးရွာတွင် ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့် အညီ ပြုလုပ်ကျင်းပခဲ့ပါသည်။

## ၅။ ဖြစ်ပေါ်နိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုများ

စီမံကိန်းလုပ်ငန်းအဆင့်တစ်ခုချင်းစီအလိုက် ဖြစ်ပေါ်နိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုများမှာ လေထု ညစ်ညမ်းခြင်း၊ ရေညစ်ညမ်းခြင်း၊ ဆူညံသံနှင့် တုန်ခါမှုဖြစ်စေခြင်း၊ အစိုင်အခဲ စွန့်ပစ်အညစ်အကြေး ထုတ်လွှတ်ခြင်း၊ မြေတိုက်စားခြင်းနှင့် မြေအရည်အသွေးကျဆင်းခြင်း၊ မြေအောက်ရေနှင့် မြေပေါ်ရေကို ညစ်ညမ်းစေခြင်းနှင့် သဘာဝပေါက်ပင်များ ပျက်စီးပြီး တောတိရစ္ဆာန်များကို အခြားနေရာသို့ ရွှေ့ပြောင်းစေခြင်း၊ အများပြည်သူ၏ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို ထိခိုက်စေခြင်းနှင့် အရေးပေါ် အခြေအနေများ ပေါ်ပေါက် လာစေခြင်း စသည်တို့ဖြစ်ပါသည်။

## ၅.၁။ ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်း နည်းပညာ

စီမံကိန်း၏ ကောင်းကျိုးနှင့် ထိခိုက်မှု (ဆိုးကျိုး) နှစ်မျိုးလုံးကို ဆန်းစစ်ခဲ့ပါသည်။ ဆန်းစစ်ရာတွင် ရုပ်ပိုင်း၊ ဇီဝပိုင်း နှင့် လူမှုစီးပွားရေးဆိုင်ရာ အရေးပါသော အခြေအနေများကို ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ဖြစ်ပေါ်နိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုများ၏ပမာဏနှင့်အရေးပါမှုကို အကဲဖြတ်ခြင်း၊ ပတ်ဝန်းကျင် အပေါ်သက်ရောက်မှုများကို လျော့ပါးစေနိုင်သည့် နည်းလမ်းများနှင့် ကြွင်းကျန် သက်ရောက်မှုများကို ဖော်ထုတ်ခြင်း၊ ဆက်စပ်သက်ရောက်မှုများကို ဖော်ထုတ်ခြင်းနှင့် လျော့ပါးစေနိုင်သည့် နည်းလမ်းများ ပါဝင်ပါသည်။

## ၅.၂။ ထိခိုက်မှုများနှင့် လျော့ပါးစေရေးနည်းလမ်းများ

စီမံကိန်းလုပ်ငန်းများကြောင့် ရုပ်ပိုင်း၊ ဇီဝပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ပတ်ဝန်းကျင်များအပေါ် ထိခိုက်မှုများကို စီမံကိန်း အဆင့် (အကြိုတည်ဆောက်ခြင်းကာလ၊ တည်ဆောက်ခြင်းကာလ၊ လည်ပတ်သည့်ကာလ၊ ရပ်ဆိုင်းသည့်ကာလ) အလိုက် ဆန်းစစ်ခဲ့ပါသည်။

ထိုသို့ ဆန်းစစ်ရာတွင် စီမံကိန်း အကြိုတည်ဆောက်ခြင်းကာလအတွက် ရုပ်ပိုင်း၊ ဇီဝပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ပတ်ဝန်းကျင်များအပေါ်တွင် ဆိုးကျိုးသက်ရောက်မှု မရှိကြောင်းတွေ့ရှိရပါသည်။ အများပြည်သူ နှင့် တွေ့ဆုံ ဆွေးနွေးချက်များအရ စီမံကိန်းအပေါ်တွင် ကန့်ကွက်မှုမရှိဘဲ ကြိုဆိုကြကြောင်းကို သိရှိရပါသည်။ ထိုစီမံကိန်းတွင် ၎င်းတို့အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာရန် မျှော်လင့်ကြပါသည်။ အချို့အနေဖြင့် စိုးရိမ် ပူပန် မှုများ ရှိပြီး ၎င်းတို့ မှာ စီမံကိန်းက အစိုင်အခဲ စွန့်ပစ် အမှိုက်များနှင့် စွန့်ပစ်အရည်များကို စွန့်ထုတ်ခြင်းနှင့် ၎င်းတို့၏ စိုက်ခင်းများအတွက် ရေလုံလောက်စွာ မရရှိခြင်းတို့ ဖြစ်ပါသည်။ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့် အဖွဲ့အစည်း၏ တာဝန်ရှိသူများက အများပြည်သူ၏ စိုးရိမ်ပူပန်မှုများမဖြစ်ပေါ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားခဲ့ပါသည်။

စီမံကိန်း တည်ဆောက်ခြင်းကာလ၊ လည်ပတ်သည့်ကာလ (ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ အပါအဝင်)၊ ရပ်ဆိုင်းသည့်ကာလတို့အတွက် အဓိက ဖြစ်ပေါ်နိုင်သည့် ထိခိုက်မှုများနှင့် ဆီလျော်သော လျော့ပါးစေသည့် နည်းလမ်းများကို အောက်တွင် ဇယားဖြင့် အကျဉ်းဖော်ပြထားပါသည်။

| **ပတ်ဝန်းကျင် အပေါ်သက်ရောက်မှုများ** | **လျော့နည်းစေရေး နည်းလမ်းများ** |
|---|---|
| မြေဆီလွှာ ပျက်စီးခြင်း<br>(စီမံကိန်း တည်ဆောက်ခြင်းကာလ) | ✓ ရေစီးဆင်းရန် မြောင်းများ စနစ်တကျ ဖောက်လုပ်ထားခြင်း။<br>✓ မြေကြီးလုပ်ငန်းများကို စနစ်တကျလုပ်ကိုင်ခြင်း။<br>✓ အစိုင်အခဲ စွန့်ပစ် အမှိုက် (ဘေးအန္တရာယ်ရှိသော အမှိုက်များ အပါအဝင်) စီမံခန့်ခွဲမှုကို ကျင့်သုံးခြင်း။<br>✓ ဆောက်လုပ်ရေး လုပ်ငန်းမှ ထွက်ရှိလာသည့် စွန့်ပစ် အရည်များကို အနည်စစ် ကန်တွင် အနည်ကျစေပြီးမှ စွန့်ပစ်ခြင်း။ |

| | |
|---|---|
| | ✓ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် ဆီ၊ လောင်စာနှင့် ချောဆီတို့ကို စနစ်တကျ သယ်ယူပို့ဆောင်ခြင်း၊ ကိုင်တွယ် အသုံးပြုခြင်းနှင့် သိမ်းဆည်းခြင်း။<br>✓ အမှိုက်စွန့်ပစ်ရန် လိုအပ်သည့် နေရာများတွင် အမှိုက်ပုံးများ ထားပေးခြင်း။<br>✓ မိလ္လာကန် အသုံးပြုသော ယာယီသန့်စင်ခန်း များကို အသုံးပြုခြင်း။<br>✓ ဆောက်လုပ်ရေး လုပ်ငန်းသုံးယာဉ်များနှင့် ယန္တရားများကို ပုံမှန် စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဖြင့် ဆီ၊လောင်စာဆီ၊ ဓာတုပစ္စည်းနှင့် ချောဆီ လျှံကျခြင်းနှင့် ယိုဖိတ်ခြင်းတို့ကို ရှောင်ကျဉ်ခြင်း။<br>✓ ဆီ ဖိတ်လျှံကျခြင်းကို ကန့်သတ်ထိန်းချုပ်ရန် လုပ်ငန်းခွင်နှင့် သင့်လျော်သော ကိရိယာ တန်ဆာပလာများ (ဥပမာ - ဆီသုတ်အဝတ် များ၊ ရာဘာလက်အိတ်များ၊ တခါသုံး ပစ္စည်းစွန့်ပစ်သည့် အိတ်များ) ထားရှိခြင်း။ |
| မြေဆီလွှာ ပျက်စီးခြင်း<br><br>(စီမံကိန်း လည်ပတ်ခြင်းကာလ) | ✓ အစိုင်အခဲ စွန့်ပစ် အမှိုက် (ဘေးအန္တရာယ်ရှိသော အမှိုက်များ အပါအဝင်) စီမံခန့်ခွဲမှုကို ကျင့်သုံးခြင်း။<br>✓ စီမံကိန်း (စက်ရုံများ) မှ စွန့်ပစ်အရည်များကို အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာစွန့်ထုတ်မှု အရည်အသွေး စံချိန်စံနှုန်းသတ်မှတ်ချက်နှင့် အညီ သန့်စင်ပြီးမှ စွန့်ပစ်ခြင်း။<br>✓ ဆီ၊ လောင်စာ၊ ဓာတုပစ္စည်းများနှင့် ချောဆီတို့ကို စနစ်တကျ သယ်ယူပို့ဆောင်ခြင်း၊ ကိုင်တွယ် အသုံး ပြုခြင်းနှင့် သိမ်းဆည်းခြင်း (သင်တန်းပေးခြင်းများ အပါအဝင်)။ |
| မြေလွှာ တိုက်စားခြင်း<br>(စီမံကိန်း<br>တည်ဆောက်ခြင်းကာလ) | ✓ မြေရှင်းသည့် လုပ်ငန်းများကို လိုအပ်သလောက်သာ အနည်းဆုံး လုပ်ကိုင်ခြင်းနှင့် ပေါက်ရောက်နေသော အပင်များကို လိုအပ်သလောက်သာ ရှင်းလင်းခြင်း။<br>✓ မတ်စောက်သောနေရာများတွင် ကွန်ကရစ် မြောင်းများပြုလုပ်ပေးခြင်းနှင့် ယာယီရေဆင်းမြောင်းများကို သင့်လျော်သော လျှောစောက်ဖြင့် ပြုလုပ်ပေးခြင်း။<br>✓ မြေလွှာ တိုက်စားခြင်းဖြစ် ပေါ်နိုင်သည့် နေရာများတွင် ကောက်ရိုးဆွေး၊ သစ်ဆွေးများဖြင့် အကာအကွယ် လုပ်ဆောင်ခြင်း။ |
| လေထုညစ်ညမ်းခြင်း<br>(စီမံကိန်း တည်ဆောက်ခြင်း<br>ကာလ၊ စီမံကိန်း ရပ်ဆိုင်းသည့်<br>ကာလ) | ✓ စီမံကိန်းဝင်းအတွင်း မြေသယ်ယာဉ်များနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များအတွက် မောင်းနှင်မှုအမြန်နှုန်းကို ကန့်သတ်ခြင်း။<br>✓ ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်းလမ်းများ၊ မြေကြီးတူးထား သော နေရာများနှင့် မြေသိပ်ထားသည့်နေရာများကို ခြောက် သွေ့ရာသီများတွင် ဖုန်မထစေရန် ရေဖျန်းထားခြင်း။ |

| | |
|---|---|
| | ✓ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှအထွက်တွင်ယာဉ်များမှရွံ့များ၊ဖုန်များ ကို ဆေးရန် ယာဉ်ရေဆေးခုံတစ်ခုကို ထားခြင်း။<br>✓ ဆောက်လုပ်ရေးသုံးပစ္စည်းများကိုထရပ်ကားများဖြင့် သယ်ယူသည့် အခါ ထိုပစ္စည်းများကို တာပေါ်လင်စဖြင့်ဖြစ်စေ၊ အခြားသော အကာတစ်မျိုးမျိုးဖြင့်ဖြစ်စေ ဖုံးအုပ်ထားခြင်း။<br>✓ မလိုအပ်ဘဲ ယာဉ်များနှင့် ဆောက်လုပ်ရေးစက်ယန္တရားများ မောင်းနှင်ခြင်း၊ ရွှေ့ခြင်းနှင့် စက်နှိုး၍အလွတ်အင်ဂျင်လည် ထားခြင်း ကို တားမြစ်ခြင်း။<br>✓ ယာဉ်များနှင့် ဆောက်လုပ်ရေးစက်ယန္တရားများကိုပုံမှန် ပြုပြင် ထိန်းသိမ်းခြင်းဖြင့် ကားအင်ဂျင်စသည်မှ ထုတ် လွှတ်သောအခိုးများ၊ အမှုန်အမွှားများထွက်ခြင်းကို ရှောင်ရှားခြင်း။<br>✓ စွန့်ပစ်အမှိုက်များနှင့်သစ်ရွက်ခြောက်များကိုမီးမရှို့ရန်တားမြစ်ခြင်း။<br>✓ လေထုညစ်ညမ်းမှု ရှိသောနေရာများ အနီးတဝိုက်တွင် အလုပ်လုပ်ရသော အလုပ်သမားများကို နှာခေါင်းစည်း၊ မျက်နှာဖုံးများ ဝတ်ဆင်ရန် အားပေးတိုက်တွန်းပြီး လေထုညစ်ညမ်းမှုကို လျှော့ချစေမည့် နည်းလမ်းများကို သင်တန်းပေးခြင်း။<br>✓ လေအရည်အသွေးကို ပုံမှန် တိုင်းတာခြင်း၊ |
| လေထုညစ်ညမ်းခြင်း<br>(စီမံကိန်း လည်ပတ်သည့်ကာလ) | ✓ အရည်အသွေးမြင့်မားပြီး ခဲနှင့် ဆာလဖာဓာတ်ပါဝင်မှု နည်းပါးသော လောင်စာဆီများကို အသုံးပြုခြင်း။<br>✓ အမျိုးသား ပတ်ဝန်းကျင် ဆိုင်ရာစွန့်ထုတ်မှု အရည်အသွေး စံချိန်စံနှုန်း သတ်မှတ်ချက်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက သတ်မှတ် ထားသော စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များအတိုင်း စက်ရုံများက လိုက်နာ ဆောင်ရွက်ခြင်း။<br>✓ လေအရည်အသွေးကို ပုံမှန် တိုင်းတာခြင်း၊ |
| မှန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်ခြင်း (စီမံကိန်း တည်ဆောက်ခြင်းကာလ၊ စီမံကိန်း ရပ်ဆိုင်းသည့် ကာလ) | ✓ ယာဉ်မောင်းများ၊ စက်ယန္တရား မောင်းနှင်သူများနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကို မှန်လုံအိမ် ဓာတ်ငွေ့ထုတ် လွှတ်ခြင်းနှင့် လျှော့ပါးစေခြင်း ဆောင်ရွက်နိုင်သည့် သင်တန်းများပေးခြင်း။<br>✓ ဆောက်လုပ်ရေး လုပ်ငန်းသုံးယာဉ်များနှင့် ယန္တရားများကို မလိုအပ်ဘဲ မောင်းနှင်ခြင်း၊ ရွှေ့ခြင်းနှင့် စက်နှိုးထားခြင်းများကို တားမြစ်ခြင်း။<br>✓ ဆောက်လုပ်ရေး လုပ်ငန်းသုံးယာဉ်များနှင့် ယန္တရားများကို ပုံမှန် စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း။<br>✓ ဆောက်လုပ်ရေး လုပ်ငန်းသုံးယာဉ်များနှင့် ယန္တရားများကို အကျိုးရှိရှိ အသုံးပြုနိုင်ရန် အစီအစဉ်များကို ရေးဆွဲခြင်း။ |

| | |
|---|---|
| | ✓ သဘာဝ အလင်းရောင်နှင့် လေဝင်လေထွက် ကို တတ်နိုင်သမျှ အသုံးပြုခြင်း။ |
| မှန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်ခြင်း<br>(စီမံကိန်း လည်ပတ်သည့်ကာလ) | ✓ သဘာဝ အလင်းရောင်ကို တတ်နိုင်သမျှ အသုံးပြုခြင်း။<br>✓ စွမ်းအင်ချွေတာသည့် လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ တပ်ဆင် အသုံးပြုခြင်း။<br>✓ အပူပေးစနစ်၊ လေအေးပေးစက်များ အသုံးပြုနေစဉ် ပြတင်းပေါက်များ ပိတ်ထားခြင်း။ ဖြစ်နိုင်ပါက သဘာဝ လေဝင်လေထွက်ကို တတ်နိုင်သမျှ အသုံးပြုခြင်း။<br>✓ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ အသုံးမပြုသောအခါ လျှပ်စစ်ပလတ်ခေါင်းဖြုတ်ထားခြင်း။<br>✓ စွန့်ပစ်မည့် ပစ္စည်းများကို တတ်နိုင်သမျှ ပြန်လည်အသုံးပြုခြင်းနှင့် ပြန်လည် ပြုပြင် သုံးစွဲခြင်း။<br>✓ ဖလိုရိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုနည်းသော (သို့မဟုတ်) ထုတ်လွှတ်မှု မရှိသော လေအေးပေးစက်နှင့် ရေခဲစက်များကို အသုံးပြုခြင်း။ |
| မြေပေါ်ရေ အရည်အသွေး ကျဆင်းခြင်း/ မြေအောက်ရေ အရည်အသွေး ကျဆင်းခြင်း<br><br>(စီမံကိန်း တည်ဆောက်ခြင်း ကာလ၊ စီမံကိန်း ရပ်ဆိုင်းသည့် ကာလ) | ✓ ဆောက်လုပ်ရေး လုပ်ငန်းမှ ထွက်ရှိလာသည့် စွန့်ပစ် အရည်များကို အနည်အနှစ်စစ်သည့် ကန်တွင် ဦးစွာ သိုလှောင်ထားပြီး အနည်အနှစ်များကို ကျစေပြီးမှ ရေကိုစွန့်ထုတ်ခြင်း။<br>✓ အစိုင်အခဲ စွန့်ပစ် အမှိုက် (ဘေးအန္တရာယ်ရှိသော အမှိုက်များ အပါအဝင်) စီမံခန့်ခွဲမှုကို ကျင့်သုံးခြင်း။<br>✓ လောင်စာဆီ၊ ဆီ တို့ကို သိုလှောင်တိုင်ကီတွင် ထဲ့ပြီး စနစ်တကျ သိမ်းဆည်းခြင်း၊ လဲလှယ်ခြင်း၊ ထဲ့ခြင်းနှင့် ယာဉ်များ၊ ဆောက်လုပ်ရေး စက်ယန္တရားများကို ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းနှင့် ထိုသို့ ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်းနှင့် ပြင်ဆင်ခြင်းတို့ကို လုပ်ဆောင်ရာတွင် ဆီယိုဖိတ်ပြီး မြေကြီးထဲသို့ မစိမ့်ဝင်နိုင်သည့် အမာခံ မျက်နှာပြင်ပေါ်တွင် လုပ်ဆောင်ခြင်း (ဆီယိုဖိတ်ပါက ချက်ချင်းသန့်ရှင်းရေးပြုလုပ်ခြင်း)။<br>✓ အလုပ်သမားများ မစင်စွန့်ရန် မိလ္လာကန်စနစ်ကို တည်ဆောက်ခြင်း။<br>✓ မိလ္လာပိုက်နှင့် ပိုက်ဆက်များမှ စိမ့်ထွက်မှုမရှိစေရန် ပုံမှန်စစ်ဆေးခြင်း။ |
| မြေပေါ်ရေ အရည်အသွေး ကျဆင်းခြင်း/ မြေအောက်ရေ အရည်အသွေး ကျဆင်းခြင်း<br><br>(စီမံကိန်း လည်ပတ်သည့် ကာလ) | ✓ စက်ရုံများက စွန့်ထုတ်လိုက်သော စွန့်ပစ်အရည်များကိုအမျိုးသား ပတ်ဝန်းကျင် ဆိုင်ရာစွန့်ထုတ်မှု အရည်အသွေး စံချိန်စံနှုန်း သတ်မှတ်ချက်နှင့် အညီ သန့်စင်ပြီးမှ စွန့်ပစ်ခြင်း။<br>✓ အစိုင်အခဲ စွန့်ပစ်အမှိုက် (ဘေးအန္တရာယ်ရှိသော အမှိုက်များ အပါအဝင်) ကို ယာယီသိမ်းဆည်းထားမည့် အဆောက်အအုံတည်ဆောက်ခြင်း။ ထို အဆောက်အအုံတွင် ကွန်ကရစ်ကြမ်းခင်း၊ ရေမြောင်း၊ သန့်ရှင်းရေးပြုလုပ်ရန် လုံလောက်သော ရေတို့ပါရှိရမည်။<br>✓ ဆီယိုဖိတ်မှုကို လျော့နည်းစေသည့် နည်းလမ်းများဆောင်ရွက်ခြင်း။ |

| | |
|---|---|
| | ✓ သန့်စင်ပြီး စွန့်ပစ်အရည်များ၏ အရည်အသွေးကို ပုံမှန် တိုင်းတာစစ်ဆေးခြင်း။ |
| ဆူညံမှုနှင့် တုန်ခါခြင်း (စီမံကိန်း တည်ဆောက်ခြင်း ကာလ၊ စီမံကိန်း ရပ်ဆိုင်းသည့် ကာလ) | ✓ ဆောက်လုပ်ရေးယာဉ်များနှင့် စက်ယန္တရားများကို မောင်းနှင်သည့် ယာဉ်မောင်းနှင့် စက်မောင်းများကို ၎င်းတို့၏ ယာဉ်များ၊ စက်များမှ ဆူညံသံများ မည်သို့လျှော့ချရမည်ကို သင်တန်းပေးခြင်း။<br>✓ ညဖက် ဆောက်လုပ်ရေး လုပ်ငန်းများ လုပ်ကိုင်ခြင်း ကိုကန့်သတ်ထားခြင်း။<br>✓ ယာဉ်များနှင့် ဆောက်လုပ်ရေးစက်ယန္တရားများကိုပုံမှန် ပြုပြင်ထိန်းသိမ်းခြင်းဖြင့် ဆူညံသံနှင့် တုန်ခါမှု အလွန်အကျွံ ထွက်ခြင်းကို ရှောင်ရှားခြင်း။<br>✓ အသံဆူညံမှု ရှိသောနေရာများ အနီးတဝိုက်တွင် အလုပ်လုပ်ရသော အလုပ်သမားများကို နားကာ များ ဝတ်ဆင်စေခြင်း။<br>✓ အသံဆူညံမှုကို ဖြစ်ပေါ်စေသည့် အလုပ်ဝန်းကျင်တွင် အကာအရံ၊ အတားအဆီးများ တပ်ဆင်ထားခြင်းနှင့် ထောင်ထားခြင်း။ |
| ဆူညံမှုနှင့် တုန်ခါခြင်း (စီမံကိန်း လည်ပတ်သည့် ကာလ) | ✓ စက်ရုံများတွင် လိုအပ်သော ဆူညံသံအကာအကွယ်ပေးသည့် ပစ္စည်းများ၊ ဆူညံသံစုပ်ယူပေးသည့် ပစ္စည်းများကို လိုအပ်သလို တပ်ဆင်ခြင်း။<br>✓ ပုံမှန်အလုပ်ချိန် ပြင်ပအလုပ်လုပ်ခြင်း (ရုံးပိတ်ရက်များ၊ ညဘက်များ) ကို ကန့်သတ်ခြင်း။<br>✓ စက်ရုံများမှ ထွက်ရှိသော ဆူညံသံများသည် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာစွန့်ထုတ်မှု အရည်အသွေး စံချိန်စံနှုန်း သတ်မှတ်ချက် နှင့် အညီဖြစ်စေရန် ဆောင်ရွက်ခြင်း။ |
| အပင်များ ဆုံးရှုံးခြင်း၊ တိရစ္ဆာန်များကို အခြားနေရာသို့ ရွှေ့ပြောင်းစေခြင်း (စီမံကိန်း တည်ဆောက်ခြင်း ကာလ) | ✓ စီမံကိန်းလုပ်ဆောင်ရန် အမှန်တကယ် လိုအပ်သည့် နေရာကိုသာ (အပင်များကိုသာ) ခုတ်ထွင်ရှင်းလင်းခြင်း။<br>✓ မျိုးတူရာ အပင်များကိုသာ ပြန်လည်စိုက်ပျိုးခြင်း။<br>✓ ဆောက်လုပ်ရေး ယာဉ်များကြောင့် မလိုအပ်ဘဲ အပင်များကို ထိခိုက်စေခြင်းမှ ရှောင်ရှားခြင်း။ |
| လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး (စီမံကိန်း တည်ဆောက်ခြင်း ကာလ၊ စီမံကိန်း လည်ပတ်သည့် ကာလ၊ စီမံကိန်း ရပ်ဆိုင်းသည့် ကာလ) | ✓ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ခြင်း (မြေကြီးတူးလုပ်ငန်း လုပ်ကိုင်ခြင်း၊ အမြင့်တွင် အလုပ်လုပ်ခြင်း၊ ငြမ်းအသုံးပြုခြင်း၊ လေကား အသုံးပြုခြင်း၊ ချော်ခြင်းကို ကာကွယ်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းသော လုပ်ငန်းခွင် သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများ၊ လျှပ်စစ်လုပ်ငန်းများ၊ မီးဘေးအန္တရာယ်၊ လူဖြင့် ပစ္စည်းများကို မခြင်း၊ သယ်ယူခြင်းနည်းလမ်းများ၊ လက်ကိုင် ကိရိယာများကို အသုံးပြုခြင်း၊ စက်ကိရိယာများကို အသုံးပြုခြင်း၊ ဓာတု ပစ္စည်းများကို အသုံးပြုခြင်း၊ |

| | |
|---|---|
| | ဘိလပ်မြေ ဖျော်စက်များကို အသုံးပြုခြင်း၊ တကိုယ်ရေ ကာကွယ်ရေး ပစ္စည်းကိရိယာများ ဝတ်ဆင်ခြင်း၊ ဆေးဝါးနှင့် အရေးပေါ် အခြေအနေ ကယ်ဆယ်ရေး လုပ်ငန်းများ တို့နှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများ ဖြစ်သည်)<br>✓ အလုပ်သမားများကို လုပ်ငန်းခွင်ဆိုင်ရာကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေး သင်တန်းများနှင့် အခြားဆက်စပ်သင်တန်းများပေးခြင်း။<br>✓ အလုပ်သမားများ အလုပ်လုပ်ရန် မှန်ကန်သောပစ္စည်းကိရိယာများ ပေးခြင်း၊ ပစ္စည်းအသုံးပြုပုံညွှန်ကြားချက်များ၊ လမ်းညွှန်စာအုပ်များ ပေးခြင်းတို့အပြင်ကိုယ်ခန္ဓာအကာအကွယ်ပေးသည့်အဝတ်များ၊ဦးထုပ်များ၊ လက်အိတ်များ၊ ဖိနပ်များ အစရှိသည်တို့ ဝတ်ဆင်စေခြင်း။<br>✓ အရေးပေါ်သူနာပြုစုနည်း ဆေးသေတ္တာများပေးထားပြီး အသုံးပြုနည်းများကိုသင်တန်းပေးခြင်း (အရေးပေါ်တုံ့ပြန်မှုအတွက်) |

စီမံကိန်း ရပ်ဆိုင်းသည့် ကာလတွင် စက်ရုံနှင့် အခြားသော အဆောက်အအုံများကို ဖြိုဖျက်ရန် မျှော်လင့်ထားခြင်းမရှိပါ။ KMIC Development Co., Ltd. နှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနတို့အကြား ချုပ်ဆိုသော မြေငှားစာချုပ်အရ မြေငှားသက်တမ်းကုန်ဆုံးပြီးနောက် KMIC Development Co., Ltd. အနေဖြင့် စီမံကိန်းမြေနေရာကို ပြုပြင်ခြင်း၊ အဆောက်အအုံများကို ဖြိုချ ဖယ်ရှားခြင်း၊ စီမံကိန်းမြေ မူလအနေအထားအတိုင်း ပြန်လည်ရောက်ရှိ စေရန် ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရန် တာဝန်မရှိဘဲ မြေငှားသက်တမ်း ကုန်ဆုံးသည့် အချိန်တွင် ရှိနေသည့် ပြောင်းလဲတိုးတက် ဖြစ်ပေါ်နေမှု အတိုင်း ပြန်လည် ပေးအပ်ရန်သာ တာဝန်ရှိသည်ဟု ဖော်ပြထားပါသည်။ အကယ်၍ အဆောက်အအုံများကို ဖြိုချ ဖယ်ရှားခြင်းပြုပါက လေထု ညစ်ညမ်းခြင်း၊ ဆူညံသံနှင့် တုန်ခါမှုဖြစ်စေခြင်း၊ အစိုင်အခဲ စွန့်ပစ်အညစ်အကြေး ထုတ်လွှတ်ခြင်း၊ မြေအရည်အသွေးကျဆင်းခြင်း၊ မြေအောက်ရေနှင့် မြေပေါ်ရေကို ညစ်ညမ်းစေခြင်းနှင့် အများပြည်သူ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို ထိခိုက်စေခြင်းနှင့် အရေးပေါ် အခြေအနေများ ပေါ်ပေါက်လာစေခြင်း စသည့် ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထို ထိခိုက်မှုများ လျော့နည်းစေမည့် နည်းလမ်းများကို အထက်ပါဇယားတွင် ဖော်ပြထားပါသည်။

## ကြွင်းကျန်သက်ရောက်မှုများကို ဆန်းစစ်ခြင်း

တည်ဆောက်ရေးကာလတွင် ရေအရင်းအမြစ်ပေါ်တွင် သက်ရောက်မှု၊ မြေအောက်ရေ ညစ်ညမ်းခြင်း၊ လေထုညစ်ညမ်းခြင်း၊ ဖုံထခြင်း၊ အများပြည်သူ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး တို့ အပေါ်တွင် ကြွင်းကျန် သက်ရောက်မှုရှိနိုင်ပြီး စီမံကိန်းလည်ပတ်သည့် ကာလတွင် မြေအောက်ရေ ညစ်ညမ်းခြင်း၊ အများပြည်သူ ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး၊ အလုပ်သမား များ မတော်တဆ ထိခိုက်မှုဖြစ်ခြင်းတို့ အပေါ်တွင် ကြွင်းကျန် သက်ရောက်မှုရှိနိုင်ပြီး စီမံကိန်းရပ်ဆိုင်းသည့် ကာလတွင် ရေအရင်းအမြစ်ပေါ်တွင် သက်ရောက်မှု၊ လေထုညစ်ညမ်းခြင်း၊ ဖုံထခြင်း၊ အများပြည်သူ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးတို့ အပေါ်တွင် ကြွင်းကျန်သက်ရောက်မှုရှိနိုင်သည်ဟု ခန့်မှန်းပါသည်။ သို့ရာတွင် ထိုကြွင်းကျန်သက်ရောက်မှုများ၏ အရေးပါမှုအဆင့်မှာ အနည်းအကျဉ်းမျှနှင့် သာမန်သာရှိပါသည်။

ထိုကြွင်းကျန်သက်ရောက်မှုများဖြစ်ပေါ်မည့် ပတ်ဝန်းကျင်ဆိုင်ရာ အနေအထား များသည် သက်ရောက်မှု ပြီးဆုံးပါက မူလအနေအထားသို့ ပြန်လည်ရောက်ရှိနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ထိုကြွင်းကျန် သက်ရောက်မှုများနှင့် ပတ်သက်ပြီးနောက်ထပ် သုတေသနပြုခြင်း၊ စောင့်ကြပ် ကြည့်ရှုခြင်းများ ဆောင်ရွက် ရန် မလိုအပ်တော့ပါ။

## ဆက်စပ်သက်ရောက်မှု ဆန်းစစ်ခြင်း

ဤကိုရီးယား-မြန်မာစက်မှုလုပ်ငန်းနယ်မြေစီမံကိန်းအတွက်ပြင်ပအခြေခံအဆောက်အအုံများ တည်ဆောက် ခြင်း စီမံကိန်းသည် လျာထားသော (သို့မဟုတ်) ကျိုးကြောင်းဆီလျော်စွာဖြင့် ကြိုတင်ခန့်မှန်းတွက်ဆနိုင် သည့် စီမံကိန်းဖြစ်ပါသည်။ထိုပြင်ပအခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း စီမံကိန်းတွင် လျှပ်စစ် ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် လျှပ်စစ်ဓာတ်အားခွဲရုံအဆောက်အအုံဆောက်လုပ်ခြင်း၊ ရေပိုက် သွယ်တန်းခြင်း၊ ရေယူအဆောက်အအုံဆောက်လုပ်ခြင်းနှင့်ရေသန့်စင်စက်ရုံဆောက်လုပ်ခြင်း၊ လက်ရှိ အသုံးပြုနေသော နှစ်လမ်းသွားလမ်းကို လေးလမ်းသွားလမ်း (စုစုပေါင်း အကျယ် ၂၂ မီတာ) အဖြစ် ချဲ့ထွင်ပြီး ကွန်ကရစ် ကတ္တရာခင်းလမ်းအဖြစ် အဆင့်မြှင့်တင်သွားခြင်းတို့ဖြစ်ပါသည်။ ထိုစီမံကိန်းကို ဆောက်လုပ်ရေး ဝန်ကြီးဌာနကအကောင်အထည်ဖော်ဆောင်ရွက်ပါမည်။ ဆက်စပ်သက်ရောက်မှုများကိုဆန်းစစ်ရန် ဤ ကိုရီးယား -မြန်မာ စက်မှုလုပ်ငန်းနယ်မြေစီမံကိန်းကြောင့် ဖြစ်ပေါ်လာမည့် ကြွင်းကျန် သက်ရောက်မှုများနှင့် ဖော်ပြခဲ့ပြီးသော စီမံကိန်းများကြောင့် ဖြစ်ပေါ်လာမည့် အလားအလာ ရှိသော သက်ရောက်မှုများ ပေါင်းစုပြီး ဘုံဖြစ်နေသော အရင်းအမြစ်များကို မည်သို့ သက်ရောက်မည်ကို ဦးစွာ ဆန်း စစ်ပါသည်။ ဖြစ်နိုင်ခြေရှိသော ဆက်စပ်သက်ရောက်မှုများနှင့် ဆီလျော်သော လျော့ပါးစေသည့် နည်းလမ်းများကို ဇယားဖြင့်ဖော်ပြ ထားပါသည်။

| စဉ် | ဆက်စပ်သက်ရောက်မှုများ | အရေးပါမှု | လျော့ပါးစေသည့် နည်းလမ်းများ |
|---|---|---|---|
| ၁ | မြေပေါ်ရေ ပိုမို ညစ်ညမ်းလာခြင်း | မပြောပလောက်သော အဆင့် | ✓ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်နှင့် စောင့်ကြပ် ကြည့်ရှုခြင်း အစီအစဉ်ကို လိုက်နာဆောင်ရွက်ခြင်း။<br>✓ အခြား စီမံကိန်းများကို အကောင်အထည် ဖော်နေသူ များနှင့် အကျိုး သက်ရောက် မှု ရှိစွာ ချိတ်ဆက် ပူးပေါင်း ဆောင်ရွက်ခြင်း။ |
| ၂ | မြေအောက်ရေ ပိုမို ညစ်ညမ်း လာခြင်း | မပြောပလောက်သော အဆင့် | ✓ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်နှင့် စောင့်ကြပ် ကြည့်ရှုခြင်း အစီအစဉ်ကို လိုက်နာဆောင်ရွက်ခြင်း။ |

| | | | |
|---|---|---|---|
| | | | ✓ အခြား စီမံကိန်းများကို အကောင်အထည် ဖော်နေသူ များနှင့် အကျိုးသက် ရောက်မှုရှိစွာ ချိတ်ဆက် ပူးပေါင်း ဆောင်ရွက်ခြင်း။ |
| ၃ | လေထု ပိုမိုညစ်ညမ်းလာခြင်း | နိမ့်သောအဆင့် | ✓ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်နှင့် စောင့်ကြပ် ကြည့်ရှုခြင်း အစီအစဉ်ကို လိုက်နာဆောင်ရွက်ခြင်း။<br>✓ အခြား စီမံကိန်းများကို အကောင်အထည် ဖော်နေသူ များနှင့် အကျိုးသက် ရောက်မှုရှိစွာ ချိတ်ဆက် ပူးပေါင်း ဆောင်ရွက်ခြင်း။<br>✓ ဒေသတွင်းဆိုင်ရာ အခြားသော ဆက်စပ်သက်ရောက်မှုများကို စီမံခန့်ခွဲမှုပြုလုပ်ခြင်း မဟာဗျူဟာ တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း။<br>✓ ဖြစ်ပေါ်လာမည်ဟု နားလည် လက်ခံထားသော ဆက်စပ် သက်ရောက်မှုများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ချက်များ၏ အကျိုးသက်ရောက်မှုကို ဆန်းစစ်ရန် ဒေသတွင်းဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်များ တွင် ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်း။ |
| ၄ | လေထဲတွင် ဖုန်မှုန့် ပိုမိုပါဝင်လာခြင်း | မပြောပလောက်သော အဆင့် | ✓ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်နှင့် စောင့်ကြပ် ကြည့်ရှုခြင်း အစီအစဉ်ကို လိုက်နာဆောင်ရွက်ခြင်း။ |

| | | | |
|---|---|---|---|
| | | | ✓ အခြား စီမံကိန်းများကို အကောင်အထည် ဖော်နေသူ များနှင့် အကျိုးသက် ရောက်မှု ရှိစွာ ချိတ်ဆက် ပူးပေါင်း ဆောင်ရွက်ခြင်း။ |
| ၅ | အများပြည်သူ ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး ကို ထိခိုက်စေမည့် အကြောင်းအရာ များလာခြင်း | အလယ်အလတ် အဆင့် | ✓ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဉ်ကို လိုက်နာဆောင်ရွက်ခြင်း။<br>✓ အခြား စီမံကိန်းများကို အကောင်အထည် ဖော်နေသူ များနှင့် အကျိုးသက် ရောက်မှု ရှိစွာ ချိတ်ဆက် ပူးပေါင်း ဆောင်ရွက်ခြင်း။<br>✓ အများပြည်သူနှင့် တိုင်ပင်ဆွေး နွေးကာ ၎င်းတို့၏ ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်း ရေး ကို ထိခိုက်စေမည့် အကြောင်းအရာ များနှင့် သက်ဆိုင်သည့် ပညာပေး အစီအစဉ်များ လုပ်ဆောင် ပေးခြင်း။<br>✓ အများပြည်သူနှင့် တိုင်ပင်ဆွေး နွေးချက်များ အပေါ်အခြေခံပြီး ၎င်းတို့၏ ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး အတွက် ထပ်ဆောင်း ဆောင်ရွက်ချက်များ လုပ်ဆောင်ခြင်း။ |

ကိုရီးယား-မြန်မာစက်မှုလုပ်ငန်းနယ်မြေစီမံကိန်းလည်ပတ်သည့် အဆင့်တွင် လာရောက်ရင်းနှီးမြှုပ်နှံ လည်ပတ်မည့် စက်ရုံများ၏ အကြောင်းအရာ အသေးစိတ်ကို သိရှိရခြင်းမရှိသေးသည့် အတွက် ထိုစက်ရုံများ လာရောက်ရင်းနှီး လည်ပတ်သည့်အခါတွင်မှ သက်ဆိုင်ရာ စက်ရုံလုပ်ငန်းများ၏ စီမံကိန်း အကောင်အထည်

ဖော်ဆောင်ရွက်သူများက စီမံကိန်းလည်ပတ်သည့် အဆင့်အတွက် ဆက်စပ်သက်ရောက်မှုများကို ဆန်းစစ်လေ့လာခြင်းသည် ပို၍ ကျိုးကြောင်းဆီလျော်ပါသည်။

## ၆။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်မှပေါ်ထွက်လာသောစီမံကိန်း၏အားလုံးသော ဖြစ်စဉ်များတလျှောက် အကောင်အထည်ဖော်ရမည့် ပတ်ဝန်းကျင်နှင့်လူမှုစီးပွားဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် များကို ရှင်းလင်းစွာ သတ်မှတ်ဖော်ပြထားပြီး အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကိုရေးဆွဲခဲ့ပါသည်။ ၎င်းအစီအစဉ်ကို တည်ဆောက်ခြင်း၊ လုပ်ငန်းလည် ပတ်ဆောင်ရွက်ခြင်း၊ ရပ်ဆိုင်းခြင်းနှင့်ပိတ်သိမ်းခြင်းကာလများအတွင်း ဖော်ဆောင်ရမည်ဖြစ်ပြီး အစီအစဉ် အကျဉ်းချုပ်ကို ဖော်ပြထားပါသည်။

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်**

| ပတ်ဝန်းကျင် အပေါ်ထိခိုက်မှု | စီမံကိန်းကာလ | လျော့ပါးစေသောနည်းလမ်းများ | ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် နှင့် စောင့်ကြပ်ကြည့်ရှု ခြင်းအစီအစဉ်ကို ဆောင်ရွက်မည့် တာဝန်ရှိသူ/အဖွဲ့အစည်း | စောင့်ကြပ်ကြည့်ရှု ခြင်း အကြိမ် (အရေ အတွက်) |
|---|---|---|---|---|
